**ရန်ကုန်အခြေစိုက်**
**တက္ကသိုလ်ကျောင်းသားသမဂ္ဂများ**
**(တကသများ - ရန်ကုန်)**

---

သို့
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ။ ။ ဇွန်လ (၂၄) ရက်၊ ၂၀၂၁ ခုနှစ်

အကြောင်းအရာ။ ။ အကြံပြုချက်များ ပေးပို့ခြင်း။

နွေဦးတော်လှန်ရေးကာလအတွင်း "အမျိုးသားညီညွတ်ရေးအစိုးရသည်" ပြည်သူလူထု၏ လိုလားတောင့်တမှု၊ အရေးတော်ပုံ၏လိုအပ်မှုတို့ကြောင့် ဖြစ်တည်လာပြီး ပြည်သူလူထု၏ ထောက်ခံမှုကို ရရှိထားသော အစိုးရတစ်ရပ်ဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရတွင် လူမျိုးစုတိုင်းရင်းသားများ၊ လူငယ်အင်အားစုများနှင့် တတ်သိပညာရှင်များကို ထိုက်သင့်သောရာထူးတာဝန်များ ခွဲဝေ၍ တော်လှန်ရေး၏ တထောင့်တနေရာမှ ပြည့်ဝစွာ ပါဝင်စေခြင်းကို မိမိတို့မှ အထူးပင် ကျေးဇူးတင်ရှိမိပါသည်။

မိမိတို့ လက်ရှိကျောင်းသားသမဂ္ဂများ အပါအဝင် ခေတ်အဆက်ဆက်မှ ကျောင်းသားသမဂ္ဂများသည် မည်သည့်နိုင်ငံရေးအစုအဖွဲ့၊ အင်အားစုမဆို တော်လှန်ရေးအတွက် အားနည်းချက်များ ရှိလာသည်ဟု ယူဆမိလျှင် လူထုအကျိုးကို အစဉ်မျက်နှာမူ၍ ဝေဖန်ထောက်ပြအကြံပြုခဲ့ကြသည် ချည်းသာ ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ပျက်သုဉ်းရေးတိုက်ပွဲ အောင်မြင်စေရန်အတွက် လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ မိမိတို့ကျောင်းသားသမဂ္ဂများသည် တော်လှန်ရေးလမ်းကြောင်း သွေဖည်သွားစေနိုင်သည့် NUG အစိုးရ၏ အားနည်းချက်များကို အကြံပြုထောက်ပြနိုင်ရန် လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအချက်များကို ဆင်ခြင်သုံးသပ်နိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

**(၁) တော်လှန်ရေးကာလဖြစ်သည့်အတွက် ယခုပြည်သူ့အစိုးရသည် တော်လှန်ရေးအစိုးရ ပီသရန် အထူးလိုအပ်လှပါသည်။**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ခဲ့သော တော်လှန်ရေးသည် ယခုထိတိုင် ဆက်လက်တိုက်ပွဲဝင်နေရဆဲဖြစ်ပြီး တိုက်ပွဲကာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် တော်လှန်ရေးအင်အားစုအသီးသီးကို ဦးဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်

ရှိရာ ဆောင်ရွက်မှုတိုင်းတွင် တော်လှန်ရေးမူဘောင်များအတိုင်း တိကျလေးစားစွာ လိုက်နာဆောင်ရွက်ဖို့ အကြံပြုတိုက်တွန်းအပ်ပါသည်။

**(၂) တော်လှန်ရေးအစိုးရ ဖြစ်သည်နှင့်အညီ လူမျိုးစုများ၏ သဘောထားများ၊ အကြံပြုချက်များနှင့် လိုလားချက်များကို အလေးထား ဆွေးနွေးပေးရန် လိုအပ်ပါသည်။**

ယခုတော်လှန်ရေးကာလတွင် လူမျိုးစုတိုင်းရင်းသားများ၏ ထက်သန်ပါဝင်မှုသည် အလွန်အရေးပါပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသို့ မျှော်မှန်းရာတွင် လူမျိုးစုများ၏အရေးကို ဦးထိပ်ထားရမည်ဖြစ်သဖြင့် လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ၊ ပါတီများနှင့် အဖွဲ့အစည်းများ၏ လိုလားချက်များ၊ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို လေးစားလက်ခံ၍ လက်တွေ့အကောင်အထည်ဖော်ရန်၊ ခိုင်မာသော ကတိကဝတ်များ ထားရှိရန် အထူးအရေးကြီးပါသည်။

**(၃) တော်လှန်ရေးအစိုးရ ဖြစ်သည်နှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရတွင် ပါဝင်သော လူငယ်အင်အားစုများ၏ သုံးသပ်ချက်၊ ဆွေးနွေးချက်များကို အလေးထားတိုင်ပင်ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။**

သမိုင်းတလျှောက်တွင် လူငယ်များသည် တော်လှန်ရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့ပေ။ ထို့ကြောင့် လက်ရှိ နွေဦးတော်လှန်ရေးတွင်လည်း လူငယ်အင်အားစုများသည် ဘက်ပေါင်းစုံမှ အင်တိုက်အားတိုက် ပါဝင်နေသည်ဖြစ်ရာ အမျိုးသားညီညွတ်ရေးအစိုးရတွင်လည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသည်မှာ ကောင်းမွန်ထင်ရှားသည့် သာဓကဖြစ်ပါသည်။ ထိုလူငယ်များ၏ အကြံပြုသုံးသပ်ဆွေးနွေးချက်များကို လက်ခံနားထောင်ပေးရုံမျှမက လက်တွေ့အကောင်အထည်ဖော်နိုင်ရေး၊ အပြန်အလှန်ဆွေးနွေးနိုင်ရေးနှင့် အပြန်အလှန်လေးစားမှုတို့ဖြင့် ရှေ့ဆက် လက်တွဲဆောင်ရွက်သွားသင့်ကြောင်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

**(၄) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် ပြည့်စုံကောင်းမွန်သော အင်အားစုအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ နှင့်အပြန်အလှန် ပြည့်ဝစွာ ထိန်းကြောင်းနိုင်ရန် လိုအပ်ပါသည်။**

အမျိုးသားညီညွတ်ရေးအစိုးရ၏ တော်လှန်ရေးလမ်းစဉ်ကို ကောင်းမွန်ဖြောင့်မတ်စွာ ထိန်းကြောင်းနိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ သည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိရာ ယင်းတွင်ပါဝင်သော ပုဂ္ဂိုလ်များ၊ အစုအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် တစ်ပါတီ၊ တစ်စု၊ တစ်ဖွဲ့တည်းမှ အများစု ရှိနေခြင်းမျိုး မဖြစ်သင့်ပါ။

ထို့အပြင် ကောင်စီအဖွဲ့ဝင်များ၊ အစုအဖွဲ့များ၏ လုံခြုံရေးဆိုင်ရာအချက်အလက်များမှအပ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ စုဖွဲ့မှုပုံစံများနှင့် လုပ်ဆောင်ချက်များ စသည့် ပြည်သူလူထု သိသင့်သိထိုက်သည်များကို ထုတ်ပြန်ပေးရန်လည်း အထူးလိုအပ်လျက်ရှိပါသည်။

အချုပ်ဆိုရသော် မိမိတို့ ကျောင်းသားသမဂ္ဂများသည် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ထိုက်သင့်သော ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည့်အလျောက် လူထုဦးဆောင်အဖွဲ့အစည်းများ အနေဖြင့် တော်လှန်ရေးအတွက် ဆုံးရှုံးမှုများ မဖြစ်ပေါ်ရန် ရည်ရွယ်၍ တော်လှန်ရေးဦးဆောင်အစိုးရ တစ်ရပ်အား ပွင့်လင်းစွာ အပြုသဘောဆောင် ဝေဖန်ထောက်ပြခြင်းသာ ဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်လည်း တော်လှန်ရေးအစိုးရတစ်ရပ်တာဝန်များ၏ အင်္ဂါရပ်တစ်ခုဖြစ်သော ဝေဖန်ထောက်ပြမှုများကို ပြန်လည်သုံးသပ်ကာ လိုအပ်သည်များအား ပြင်ဆင်မွမ်းမံသွားနိုင်ပါရန် အထူးမျှော်လင့်ပါသည်။ သို့မှသာ ယခု နွေဦးတော်လှန်ရေးသည် အချိန်တိုတိုအတွင်း အဖိတ်အစင်အနည်းဆုံးဖြင့် အောင်မြင်စွာ ချီတက်နိုင်မည်ဟု ယုံကြည်မိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မိမိတို့၏အကြံပြုချက်များကို အလေးထား၍ ဆွေးနွေးသုံးသပ်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်အခြေစိုက်တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသများ - ရန်ကုန်)

၁။ ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၂။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရရတကသ)
၃။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၄။ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရွာသာကြီးနယ်မြေ)
၅။ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (လှိုင်နယ်မြေ)
၆။ ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂ
၇။ သန်လျင်နည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၈။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၉။ မှော်ဘီနည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၁၀။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကျောင်းသားသမဂ္ဂ
၁၁။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၁၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၁၃။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
၁၄။ စက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကျောင်းသားများသမဂ္ဂ
၁၅။ စက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)ကျောင်းသားများသမဂ္ဂ
၁၆။ စက်ဘ်ပူမြန်မာသက်မွေးပညာသင်ကျောင်းကျောင်းသားသမဂ္ဂ

မိတ္တူကို
- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)